Legal Aid Network
ဥပဒေ အထောက်အကူပြုကွန်ရက်
Email:- legalaidnetwork@gmail.com website:- legalaidnetwork.org

ဥပဒေ အထောက်အကူပြု ကွန်ရက်၏ ထုတ်ပြန်ချက်

# မြန်မာနိုင်ငံ ငြိမ်းချမ်းမှု ရှာဖွေရေး လုပ်ငန်းစဉ်ဟူသည်တွင် ရှေ့မတိုးနောက်မဆုတ်အခြေအနေကို ကျော်လွှားနိုင်ရန် အကြံပြုချက်များ

ကရင့်အမျိုးသား လွတ်မြောက်ရေး တပ်မတော် (KNLA) ၏ ၂၀၁၈ ခုနှစ် ဇန္နဝါရီလ ၅ ရက်နေ့တွင် ကျင်းပခဲ့သည့် အရေးပေါ် အစည်းအဝေး မှ လူထုသို့ထုတ်ပြန်ခဲ့သည့် ကြေညာချက်သည် မြန်မာ့တပ်မတော်က ကျင့်သုံးနေသော တရားမျှတမှု မရှိသည့် ပြုကျင့်မှုများအပေါ် ဒေါသပေါက်ကွဲမှုကို အချက်ပြနေသည့်အတွက် လျော့မတွက်ရန်လိုသည်။[1] ယင်းကြေညာချက်အရ လက်မှတ်ရေးထိုးထားသော တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူညီချက် (NCA) နှင့် အညီ ငြိမ်းချမ်းရေးကို ရှာဖွေသည့် လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရာတွင် မြန်မာ့တပ်မတော်သည် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများကို လက်နက်ချရန်၊ အရပ်သားအဖြစ် ပြောင်းလဲရန်၊ နိုင်ငံရေးပါတီ ထူထောင်ရန်နှင့် ရွေးကောက်ပွဲများတွင် ပါဝင်ရန် ဖိအားပေးနေခြင်းအား ကရင့်အမျိုးသား လွတ်မြောက်ရေး တပ်မတော် (KNLA) က လက်မခံနိုင်ပေ။ ထို့အပြင် မကြာမီကျင်းပရန် ရှိသည့် ၂၁ ရာစု ပင်လုံ ညီလာခံ တတိယ အစည်းအဝေးကို ဆိုင်းငံ့ထားရန်လည်း KNLA က ဆက်လက် တောင်းဆိုခဲ့သည်။

ယခုကြေညာချက်သည် မြန်မာစစ်တပ် က NCA အပေါ် ချိုးဖောက်မှုများနှင့် ပတ်သက်၍ ကရင့်အမျိုးသား အစည်းအရုံး (KNU) ဒေသခံ အာဏာပိုင်များ၏ ယခင်က တင်ပြတိုင်ကြားချက်များအပေါ်တွင် အခြေခံသည်။[2] NCA လက်မှတ်ရေးထိုးထားသည့် ၈ ဖွဲ့အနက်မှ တစ်ဖွဲ့ဖြစ်သည့် ရှမ်းပြည် ပြန်လည်ထူထောင်ရေး ကောင်စီ (RCSS) နှင့် မြန်မာ့တပ်မတော်တို့အကြား ၂၀၁၇ အတွင်း ထိတွေ့မှုများအပြင် ၂၀၁၈ ဇန္နဝါရီလ ပထမပတ်အတွင်း[3] သုံးကြိမ်တိုင်တိုင် တိုက်ပွဲများ ဖြစ်ပေါ်ခဲ့သည့် အချိန်တွင် ထွက်ပေါ်ခဲ့ခြင်းလည်း ဖြစ်သည်။

ယင်းမှာ NCA သည် စစ်မှန်သော ငြိမ်းချမ်းရေးကို ရှာဖွေနိုင်မည့် အားထားလောက်ဖွယ် သဘောတူညီချက် မဟုတ်ကြောင်း ပြသလျက် ရှိသည်။ အဘယ်ကြောင့် ဆိုသော် NCA တွင် သတ်မှတ်ထားသော ဝေါဟာရ နှင့် အခြေအနေများကို ဖြည့်ဆည်းဖော်ဆောင်ပေးရန် ပျက်ကွက်ခြင်း နှင့် တားမြစ်ထားသော ပြုမူမှုများကို ကျူးလွန်ခြင်း တို့

---

1 https://mail.google.com/mail/u/0/?ui=2&ik=ceed5426e2&jsver=veKV0pjIDTc.en.&view=pt&search=inbox&type=160c9a80890a969f&th=160c9cb0de198ba0&siml=160c9a80890a969f&siml=160c9c7714493bfe&siml=160c9cb0de198ba0

2 (က) KNLA တပ်မဟာ ၂ မှ ဗိုလ်မှူးကြီး စောဒဲဖိုးက ပြည်ထောင်စု ပူးတွဲ စောင့်ကြည့်ရေး ကော်မတီ ဒုတိယ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ် စောအိုက်ဇက်ပိုး ထံသို့ ပြည်နယ်အဆင့် ပူးတွဲ စောင့်ကြည့်ရေး ကော်မတီ အတွင်းရေးမှူး အဖြစ်မှ နုတ်ထွက်ခွင့် တောင်းခံသည့် စာ၊ ၂၀၁၇ ဇူလိုင်လ ၆ ရက်။
(ခ) KNU မြိတ်-ထားဝယ်ခရိုင် အတွင်းရေးမှူး ပဒို စောအဲနာက ပြည်ထောင်စု ပူးတွဲ စောင့်ကြည့်ရေး ကော်မတီ ဥက္ကဋ္ဌ ထံ ပေးပို့သော NCA ချိုးဖောက်မှုများ အတွက် တင်ပြသည့် စာ စာပိုဒ် ၅၊ ၆၊ ၉(ဃ) နှင့် ၂၅(ဂ)၊ ရက်စွဲ ၂၀၁၈ ဇန္နဝါရီလ ၄ ရက်။

3 ဘီဘီစီ ရေဒီယို၊ ၂၀၁၈ ဇန္နဝါရီ ၆ ရက် ညနေပိုင်း သတင်း။

အပါအဝင် ဖြစ်ပေါ်လာသော အငြင်းပွားမှုများကို ဆုံးဖြတ်ဖြေရှင်းရန် လွတ်လပ်၊ ဘက်မလိုက်ဘဲ အခွင့် အာဏာနှင့် ပြည့်စုံသော အဖွဲ့အစည်းတစ်ရပ် တည်ရှိမနေကြောင်းကို ပြသနေသည်။

၂၀၁၇ မေလ နောက်ဆုံးပတ်တွင် ကျင်းပခဲ့သော ၂၁ ရာစု ပင်လုံညီလာခံ ဒုတိယ အစည်းအဝေးတွင် ရရှိခဲ့သည့် အချက် ၃၇ ချက် အနက် စစ်မှန်သော ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးအတွက် အုတ်မြစ်ချစေနိုင်မည့် သဘောတူညီချက် တချက်တလေကိုမျှ မတွေ့ရှိရပေ။ လက်ရှိတွင် NCA အဝန်းအဝိုင်းအတွင်း ငြိမ်းချမ်းရေး ရှာဖွေမှု လုပ်ငန်းစဉ်မှာ ရှေ့မတိုးနောက်မဆုတ်ဖြစ်နေသည်။

စစ်မှန်သော ငြိမ်းချမ်းမှု ရှာဖွေရေး လုပ်ငန်းစဉ် ပေါ်ထွန်းလာစေရေးအတွက် အထောက်အကူဖြစ်စေရန် မိမိတို့ အဖွဲ့အစည်းအနေဖြင့် အောက်ပါအတိုင်း အကြံပြုအပ်ပါသည်။

၁။ စစ်ပွဲဖြစ်ပွားနေသော အင်အားစု များသည် နိုင်ငံတကာမှ ဂုဏ်သိက္ခာရှိ ပုဂ္ဂိုလ်ကြီးများပါဝင်လျက် အစုအဖွဲ့ အနေဖြင့် ဖွဲ့ စည်းထားသည့် တတိယ အင်အားစုတခု၏ ကြားဝင်ညှိနိုင်းမှုကို တောင်းခံသင့်သည်။ အငြင်းပွားမှုတွင် ပါဝင်သော သက်ဆိုင်သူများအနေဖြင့် ၎င်းတို့ ကိုယ်တိုင် ပြဿနာကို ကျေနပ်လောက်အောင် ဖြေရှင်းနိုင်စေရေးအတွက် အဆိုပါ တတိယအင်အားစု က အကူအညီပေးရန် ဖြစ်သည်။

၂။ တိုင်းရင်းသား ပြည်နယ်များ၏ အချုပ်အချာပိုင်ဆိုင်မှုကို ဥပဒေနှင့် အညီတရားဝင် အသိအမှတ်ပြုပြီး ကျင့်သုံးနိုင်သည့် အချိန်ကာလအထိ အာဏာရ မြန်မာစစ်တပ် ခေါင်းဆောင်များက တိုင်းရင်းသား ပြည်နယ်များ ပိုင်ဆိုင်သော သဘာဝ သယံဇာတ ထုတ်လုပ်မှုများ ကို လည်းကောင်း၊ နိုင်ငံခြား ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုများကိုလည်းကောင်း ရပ်ဆိုင်းထားရမည်။ အကြောင်းမှာ လက်ရှိ အာဏာရ မြန်မာစစ်ခေါင်းဆောင် ဟောင်းသစ်များက ၂၀၀၈ ခုနှစ် ဖွဲ့ စည်းပုံအခြေခံဥပဒေကို အားကောင်းစွာလည်ပတ်စေခြင်းဖြင့်သာ နိဂုံးချုပ်စေရန် ငြိမ်းချမ်းမှု ရှာဖွေရေး လုပ်ငန်းစဉ်ဟူသည်အား အကန့် အသတ်မဲ့ အချိန်ဆွဲကာ ဖော်ဆောင်နေသည့် နည်းပရိယာယ် ကို ရှောင်လွှဲနိုင်ရေးအတွက် ဖြစ်သည်။

၃။ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့ အစည်းများ၊ နိုင်ငံရေးအဖွဲ့ အစည်းများ၊ သက်ဆိုင်ရာ တိုင်းရင်းသားပြည်နယ်များအတွင်း ဖွဲ့ စည်းလှုပ်ရှားလျှက်ရှိကြသော လူထုအသင်းအဖွဲ့ များ အစရှိသည့် ပြည်တွင်းအင်အာစုများသည်လည်းကောင်း၊ နိုင်ငံတကာ အင်အားစုများသည်လည်းကောင်း သတိပြုသင့်သည့် အကြောင်းရပ်တခုရှိသည်။ ယင်းမှာ ၂၁ ရာစု ပင်လုံညီလာခံ ဒုတိယအကြိမ်အစည်းအဝေးအတွင်း ပြည်ထောင်စု သဘောတူညီချက် အစိပ်အပိုင်း (၁) ဟူသည်အား ရရှိလာပုံနည်းလမ်းသည် တရားမဝင်ဟူသော အချက်ပင်။ အောက်ပါအကြောင်းနှစ်ရပ်ကြောင့်ဖြစ်သည်။

(က) ၃၇ ချက်အနက် ဆယ်ချက်ခန့် မှာ အရင်းခံကျသည့် နိုင်ငံရေးပြဿနာအချို့ ဖြစ်နေသည်။ ယင်းတို့ အပေါ် သက်ဆိုင်ရာ အစုအဖွဲ့ အတွင်း၌ ပြင်းပြင်းထန်ထန် ဆွေးနွေးမှုများ ရှိခဲ့၊ ဆွေးနွေးရန် သတ်မှတ်ထားသည့် အချိန်ကျော်လွန်သွားခဲ့ သော်လည်း ပုံမှန်ညီလာခံ အစည်းအဝေးအတွင်း တရားဝင်သဘောတူညီမှု မကျခဲ့။ ထို့ နောက်ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) က ပြည်ထောင်စု သဘောတူညီချက် အစိပ်အပိုင်း (၁) အနေဖြင့် လက်မှတ်ထိုးရန် အဆိုပါ အစုအဖွဲ့ အပေါ် ပြင်းထန်သည့် ဖိအားပေးခဲ့သည်။

(ခ) သက်ဆိုင်ရာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ အစည်းအသီးသီး၏ ကိုယ်စားလည်များထံမှ နည်းလမ်းတကျ သဘောတူညီချက်မရယူဘဲ ၎င်းတို့ အားလုံးကိုယ်စား အဖွဲ့ အစည်းတခု၏ ခေါင်းဆောင်တဦးကသာ လက်မှတ်ရေးထိုးခဲ့သည်။

၄။ လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးနှင့် ပတ်သက်၍ ပြည်ထောင်စုမှ "ကာကွယ်ရေး ဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းများ" ရပိုင်ခွင့် နှင့် အတူ တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေး တပ်မတော်များ၏ တည်ရှိမှု နှင့် သူတို့၏ တိုင်းရင်းသား ပြည်နယ်များမှ တရားဝင် ထောက်ပံ့မှုကို မြန်မာနိုင်ငံ ဖက်ဒရယ် ပြည်ထောင်စု တပ်မတော်၏ အစိတ်အပိုင်းအဖြစ် တရားဝင် အာမခံချက်ပေးရန်နှင့် ဥပဒေစိုးမိုးရေးကို ထိန်းသိမ်းနိုင်ရန် အတွက် မြန်မာ့တပ်မတော် အပါအဝင် လက်နက်ကိုင် အဖွဲ့အစည်းများ အားလုံးသည် တရားဝင်မှုဘောင် တစ်ခုအောက်တွင် ရှိရမည်။

၅။ ငြိမ်းချမ်းရေး ရှာဖွေမှုနှင့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ရေးဆွဲရေး လုပ်ငန်းစဉ်သည် အတူတကွ သွားရမည်။ ငြိမ်းချမ်းရေး ရှာဖွေမှုလုပ်ငန်းစဉ်အတွင်း ဖွဲ့စည်းပုံဆိုင်ရာ ကိစ္စရပ်များကို အဖြေရှာ၍ ဖက်ဒရယ် ဒီမိုကရက် တစ် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် တစ်ရပ်ကို ရေးဆွဲရမည်။[4]

၆။ ဖက်ဒရယ် ဒီမိုကရက်တစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်တွင် ပြည်နယ်အဆင့်က အချုပ်အခြာအာဏာ ပိုင်ဆိုင်မှု[5] နောက်ခံတွင် "ပြည်ထောင်စု အချုပ်အခြာအာဏာ" က "နိုင်ငံတော်အချုပ်အခြာအာဏာ"[6] ကို အစားထိုးရပါမည်။ အောက်ပါ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ဆိုင်ရာ ပြဋ္ဌာန်းချက်ကို ထည့်သွင်းပြဋ္ဌာန်း ရန် လိုအပ်သည်။

> "ပြည်ထောင်စု၏ အချုပ်အခြာအာဏာအား ဖက်ဒရယ် ပြည်ထောင်စုကို ဖွဲ့စည်းသော တိုင်းရင်းသား ပြည်နယ်များနှင့် ယင်းတို့တွင် နေထိုင်သော ပြည်သူများက ပိုင်ဆိုင်သည်။"

၇။ ငြိမ်းချမ်းမှု ရှာဖွေရေး ဖြစ်စဉ်များ အားလုံးအတွင်း ဂျီနီဗာ ကွန်ဗင်းရှင်းကို အဓိက ထားလျက် လူ့ အခွင့်အရေးအား အကာအကွယ်ပေးရေး နှင့် တိုးမြှင့်စေရေးတို့ ကို ဗဟိုချက်မ အနေဖြင့်ထားကာ ဆောင်ရွက်သင့်ပါသည်။ လက်ရှိငြိမ်းချမ်းမှု ရှာဖွေရေး ဖြစ်စဉ် ဟူသည်တွင် လူ့ အခွင့်အရေးချိုးဖောက်မှုများအား အနီးကပ်စောင့်ကြည့်ခြင်းဖြင့် ကုလသမဂ္ဂ အချက်အလက် ရှာဖွေစုဆောင်းရေးအဖွဲ့ သည် တက်တက်ကြွကြွ ရှိသင့်သည်။ ယင်းကို အထောက်အကူဖြစ်စေရန် ပြင်းထန်သောရာဇဝတ်မှုကြီးများဖြစ်သည့် စစ်ရာဇဝတ်မှု၊[7] လူမျိုးတုံးသတ်ဖြတ်မှု[8] နှင့် လူသားဆန့် ကျင်ပြစ်မှုကြီး[9] များအား မြန်မာစစ်တပ်က ကျူးလွန်ကြောင်း စွပ်စွဲချက်များနှင့် စပ်လျဉ်း၍ သက်သေခံချက်များအား မြန်မာနိုင်ငံမှ လူသိရှင်ကြားတောင်းခံသင့်သည်။

၈။ ၁၇ ချက်ပေါ်ထွက်လာမှု အပါအဝင် တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ်ကို ဝန်းရံဖော်ဆောင်လျက်ရှိသော ဖြစ်စဉ်သည် အစမှနေ၍ ယနေ့ အချိန်အထိ သည် တရားမဝင်ပါ။ ဤသည်ကို ဆက်လက် ဖော်ဆောင်ခြင်းမပြုသင့်တော့ပါ။ တိုင်းဂုင်းသားပြည်နယ်များ၏ လွတ်လပ်သော သမိုင်းကြောင်းကို ကိုးကားလျှက် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ တွင် ချုပ်ဆိုခဲ့သည့် ပင်လုံစာချုပ်ကို ပြန်လည်ရှင်သန်စေသင့်ပါသည်။ ၄င်းနှင့် အညီ တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး က အစိပ်အပိုင်းတရပ်အနေဖြင့် ပါဝင်သည့် စစ်မှန်သည့် ငြိမ်းချမ်းရေးသဘောတူညီချက် ထွက်ပေါ်လာရေး အတွက် ကြိုးပမ်းသင့်ပါသည်။

---

[4] အချို့သော ဖြစ်ရပ်များတွင် ၁၉၉၃ ခုနှစ် တောင်အာဖရိက ယာယီ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ဖြစ်ရပ်ကဲ့သို့ ငြိမ်းချမ်းရေး သဘောတူညီမှုသည် ဖွဲ့စည်းပုံ အခြေခံ ဥပဒေပင် ဖြစ်သည်။ တနည်းအားဖြင့်ဆိုသော် ပြည့်စုံသော နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် မူကြမ်းတစ်ရပ်သည် ၁၉၉၅ ခုနှစ် ဒီဇင်ဘာတွင် Dayton သဘောတူညီချက်များတွင် ဘော့စနီးယား-ဟာဇီဂိုဗီးနားအတွက် ဖွဲ့စည်းပုံ အခြေခံ ဥပဒေတစ်ရပ် ပူးတွဲပါသကဲ့သို့ ငြိမ်းချမ်းရေး သဘောတူညီချက်နှင့် ပူးတွဲပါရမည်။
https://www.osce.org/bih/126173?download=true

[5] Provincial Sovereignty

[6] State Sovereignty

[7] War Crimes

[8] Genocide

[9] Crimes against humanity

ဥပဒေ အထောက်အကူပြု ကွန်ရက်(LAN) ဇန်နဝါရီလ ၁၀ ရက် ၂၀၁၈ ခုနှစ်

ပိုမိုသိရှိလိုပါက ဆက်သွယ်ရန်

ဦးအောင်ထူး (လူ့အခွင့်အရေး ရှေ့နေနှင့် ဥပဒေ အထောက်အကူပြုကွန်ရက် တည်ထောင်သူ)
ဖုန်း။ (၆၆) ၀၉၃၂၇၄၅၇၁၃
အီးမေးလ်။ legalaidnetwork@gmail.com
ဝက်ဘ်ဆိုဒ်။ legalaidnetwork.org